# ပါကစ္စတန်ဝန်ကြီးချုပ်၏ ဩစတြီးယားနိုင်ငံ ခရီးစဉ်အတွင်း ကျင်းပသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆွေးနွေးပြောကြားပွဲသို့ မြန်မာအမြဲတမ်းကိုယ်စားလှယ် တက်ရောက်

(၁၆-၂-၂၀၂၆၊ ဗီယင်နာ)

ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Muhammad Shehbaz Sharif ၏ ဩစတြီးယားနိုင်ငံသို့ တရားဝင်ခရီးလာရောက်နေစဉ်အတွင်း ၁၆-၂-၂၀၂၆ ရက်တွင် ဗီယင်နာအပြည်ပြည်ဆိုင်ရာစင်တာ၌ ပါကစ္စတန်အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးက ကြီးမှူးကျင်းပခဲ့သော "စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု-ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေး လမ်းကြောင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားပွဲသို့ ဗီယင်နာမြို့အခြေစိုက် ကုလသမဂ္ဂနှင့်အခြား နိုင်ငံတကာအဖွဲ့အစည်းများဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးမင်းသိမ်း သည် အခြားအမြဲတမ်းကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ရှေးဦးစွာ ပါကစ္စတန်ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး၊ အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ (IAEA) ညွှန်ကြားရေးမှူးချုပ်၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) ယာယီအမှုဆောင်ညွှန်ကြားရေးမှူး၊ ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးရေးအဖွဲ့ (UNIDO) ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က အမှာစကား အသီးသီး ပြောကြားခဲ့ပြီးနောက်၊ ပါကစ္စတန်ဝန်ကြီးချုပ်က မိန့်ခွန်း (keynote address) ပြောကြားခဲ့သည်။

ပါကစ္စတန်ဝန်ကြီးချုပ်က ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးအတွက် အားလုံးပါဝင်သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု၏ အရေးပါမှု၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ပါကစ္စတန်နိုင်ငံ၏ အမျိုးသားစီမံကိန်းများတွင် ထည့်သွင်းဆောင်ရွက်လျက်ရှိမှု၊ အငြင်းပွားမှုများ၊ ပဋိပက္ခများကို ဖြေရှင်းရာတွင် တစ်ခုတည်းသော နည်းလမ်းအဖြစ် သံတမန်ရေးရာနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှုတို့ကို ထောက်ခံအားပေးလျက် IAEA ၊ UNODC နှင့် UNIDO အပါအဝင် ဗီယင်နာမြို့အခြေစိုက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အပြုသဘောဆောင် ပူးပေါင်းဆောင်ရွက်မှုများကို အလေးထားမှုနှင့် ဆန်းသစ်တီထွင်မှုသည် ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးကို တံတားတစ်စင်းသဖွယ် ဆက်သွယ်ပေးနိုင်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ အသိပညာမျှဝေခြင်းနှင့် နည်းပညာဖလှယ်ခြင်း လိုအပ်မှုတို့ကို ထည့်သွင်းပြောကြားခဲ့သည်။

*****

**Myanmar Permanent Representative Attends the Event on the Sustainable Development organized during the Official Visit of the Prime Minister of Pakistan**

**(16–2–2026, Vienna)**

Ambassador U Min Thein, Permanent Representative of Myanmar to the United Nations and other International Organizations based in Vienna, together with other Permanent Representatives, attended an event titled "Sustainable Development: Pathway to Global Peace and Prosperity," organized by the Permanent Mission of Pakistan at the Vienna International Centre on 16 February 2026 during the Official Visit of H.E. Mr. Muhammad Shehbaz Sharif, Prime Minister of Pakistan.

At the event, the Prime Minister of Pakistan delivered the keynote address after the remarks delivered by the Deputy Prime Minister and Minister for Foreign Affairs of Pakistan, the Director General of the International Atomic Energy Agency (IAEA), the Acting Executive Director of the United Nations Office on Drugs and Crime (UNODC), and the Deputy Director General of the United Nations Industrial Development Organization (UNIDO).

In his keynote address, the Prime Minister of Pakistan highlighted the importance of inclusive and sustainable development for lasting peace, the integration of socio-economic development and sustainable development into the national planning of Pakistan, the constructive engagement with Vienna-based international organizations including the IAEA, UNODC, and UNIDO. He also advocated for diplomacy and multilateralism as the only viable means to resolve disputes and conflicts and underlined the need for capacity building, knowledge sharing, and technology transfer to ensure that innovation serves as a bridge to peace and prosperity.

*****


AMBASSADOR
OF PAKISTAN
PRIME MINISTER
OF PAKISTAN
DIRECTOR GENERAL
IAEA
RESERVED


MYANMAR


MYANMAR
MOROCCO